**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၁၃ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

**နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒနှင့် လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် **" နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီ "** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ/ ဝန်ကြီးချုပ်<br>နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | အဖွဲ့ဝင်/ လူမှုရေးရာဝန်ကြီး<br>နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အတွင်းရေးမှူး<br>နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူး<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဏ) ကိုယ်စားလှယ် ( ၁ ) ဦး — အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်
ကြက်ခြေနီကြီးကြပ်မှုကော်မတီ

(တ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
တိုင်းဒေသကြီး/ပြည်နယ်လူငယ်ရေးရာဦးစီးဌာန
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

၂။ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒနှင့် လူငယ်ရေးရာမူဝါဒဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံချက်ပါ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီ က တာဝန်ယူဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(ခ) သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ ပြည်တွင်း/ ပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ လူငယ်ရေးရာကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်ပေးရမည်၊

(ဂ) သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်လူငယ်ရေးရာကော်မတီများမှ တင်ပြလာသောဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို တာဝန်ခံမှုဖြင့် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီတွင် ဆွေးနွေးတင်ပြရမည်။

၃။ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်လူငယ်ရေးရာကော်မတီ ကို ပြင်ဆင်ဖွဲ့စည်းရန်လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး